## ၂၀၂၁ ခုနှစ် ပုလဲအတွဲများနှင့် ကျောက်စိမ်းအတွဲများ ပြသရောင်းချပွဲ စတုတ္ထနေ့ဆက်လက်ကျင်းပ

နေပြည်တော်၊ ဒီဇင်ဘာလ (၂၀) ရက်

၂၀၂၁ ခုနှစ်၊ ပုလဲအတွဲများနှင့် ကျောက်စိမ်းအတွဲများပြပွဲ(Mini Gems Emporium) စတုတ္ထနေ့ကို ယနေ့တွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ဆက်လက်ကျင်းပသည်။

### လေ့လာကြည့်ရှု

နံနက်ပိုင်းမှစတင်၍ ပြည်တွင်း/ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ပြသထားသည့် ကျောက်စိမ်းအတွဲများနှင့် ခန်းမအပြင်ဘက်ရှိ သတ်မှတ်နယ်မြေအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက် လေ့လာကြည့်ရှုကြသည်။

ပြပွဲတတိယနေ့တွင် ကျောက်စိမ်းအတွဲအမှတ် (၁ မှ ၂၅၀) အထိ အိတ်ဖွင့်တင်ဒါ စနစ်ဖြင့် ရောင်းချပေးခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၁၉၉ တွဲ ရောင်းချနိုင်ခဲ့ကြောင်း ကြေညာပြီး ယနေ့ပြပွဲတွင် ကျောက်စိမ်းအတွဲအမှတ် (၂၅၁ မှ ၅၀၀)အထိ အိတ်ဖွင့်တင်ဒါ စနစ်ဖြင့်ရောင်းချပေးခဲ့ရာ ရတနာကုန်သည်များက ခင်းကျင်းပြသထားသည့် ကျောက်စိမ်း အတွဲများကို ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

### ကြေညာသွားမည်

ထို့နောက် ကျောက်စိမ်းအတွဲအမှတ် (၂၅၁ မှ ၅၀၀)အထိ တင်သွင်းထားသည့် ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက မွန်းလွဲ ၃ နာရီတွင် ပိတ်သိမ်းပြီး ဖွင့်ဖောက်စစ်ဆေးကာ ဒီဇင်ဘာ ၂၁ ရက် နံနက် ၁၁ နာရီတွင် ရောင်းချရသည့် ကျောက်စိမ်းအတွဲများအား ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ နာယက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းမင်းဦးနှင့် ပြပွဲဗဟိုကော်မတီဝင်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်းရှိ ကျောက်စိမ်းအတွဲများနှင့် ခန်းမအပြင်ဘက်ရှိ ကျောက်စိမ်းအတွဲများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးနေမှု အခြေအနေများကို ကြည့်ရှုအားပေးသည်။

## ပုလဲအတွဲပေါင်း ၃၃ဝ ရောင်းချပေးနိုင်ခဲ့

ပြပွဲတွင် ပုလဲအတွဲပေါင်း ၃၃ဝ ကို ဒီဇင်ဘာ ၁၈ ရက်မှ ၁၉ ရက်အထိ ပြည်တွင်း/ပြည်ပ ရတနာကုန်သည်များကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ပုလဲအတွဲပေါင်း ၃၃ဝ ရောင်းချပေးနိုင်ခဲ့ပြီး ဒီဇင်ဘာ ၂၁ ရက်တွင် ကျောက်စိမ်းအတွဲ (၅ဝ၁) မှ (၇၈ဝ)အထိ ဆက်လက် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။